
## ဥပမာဇာတ်လမ်း




### ဇင်မာ အွန်လိုင်းမှာ ဈေးရောင်းဖို့ စဉ်းစားပြီ။

ဇင်မာက ဗိုလ်ချုပ်ဈေးမှာ အစားအသောက်ရောင်းချတဲ့ဆိုင်ခန်းတစ်ခုကို ပိုင်ဆိုင်ပါသည်။ သူမဆိုင်က ရန်ကုန်မြို့မှာရှိတဲ့ အကောင်းဆုံးမုန့်ဟင်းခါးဆိုင်အချို့ထဲမှာပါကြောင်း သတင်းမွှေးသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း စားစရာများကို ဇင်မာနှင့် သူမညီမဝမ်းကွဲက အတူတူရောင်းချခဲ့ခြင်း ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ သူမဆိုင်၏ အရသာရှိသောမုန့်ဟင်းခါးဟင်းရည်နှင့် အခမဲ့ချပေးသည့် Ice Tea ကြောင့် နေ့စဉ် စားသုံးသူ ဖောက်သည်များ၊ အလုပ်သမားများနှင့် အထူးစည်ကားခဲ့သည်။ သို့သော် ကပ်ရောဂါကြောင့် သူမ၏ဆိုင်သို့ လာရောက်စားသုံးသူ အရေအတွက် သိသိသာသာ နည်းပါးသွားခဲ့ပြီး ဆိုင်ဝင်ငွေသည်လည်း ကျဆင်းသွားပါသည်။

စားသောက်ဆိုင်များနှင့်ချိတ်ဆက်၍ ဝယ်သူများကို ပေးပို့ပေးသော သယ်ပို့ဝန်ဆောင်မှုလုပ်ငန်း အပလီကေးရှင်းများကတစ်ဆင့် ဈေးရောင်းကြည့်ဖို့ ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ သူမရဲ့ ညီမ နန္ဒာ က ဇင်မာကို အကြံပေးခဲ့ပါသည်။

## သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းမှတစ်ဆင့် ရောင်းချခြင်း

သင်၏ စားသောက်ဆိုင်မှ အစားအစာများကို စားသုံးသူများထံသို့ ပို့ဆောင်ရန် ‘ရှိပြီးသား အွန်လိုင်းပလက်ဖောင်း’နှင့် ချိတ်ဆက်ခြင်း။

| | |
|---|---|
| လုပ်ငန်းစတင်ရန် ကုန်ကျစရိတ် | သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းများသည် များသောအားဖြင့် အစားအသောက်ပုံများ ဓါတ်ပုံရိုက်ခနှင့် ငွေပေးချေမှုစနစ် ပေါင်းစည်းခြင်း အပါအဝင် လုပ်ငန်းစတင်တည်ထောင်သည့် ကုန်ကျစရိတ် ကောက်ခံလေ့ရှိသည်။ |
| ပုံမှန်ကုန်ကျနေမည့်စရိတ်များ | စားသုံးသူတစ်ဦးထံ တစ်ကြိမ်ရောင်းရတိုင်း စုစုပေါင်း ရောင်းရငွေ၏ ၁၀% မှ ၄၀% အကြား ပလက်ဖောင်းဝန်ဆောင်ခ ပေးရသည်။ |
| အဓိကအားသာချက် | ပလက်ဖောင်းများတွင် ရောင်းချခြင်းဖြင့် သင့်စားသောက်ဆိုင်ကို ဝယ်သူအများအပြား သိရှိစေပြီး ဝင်ငွေရှာပေးနိုင်သည်။ |
| အဓိကအားနည်းချက် | ပလက်ဖောင်းဝန်ဆောင်ခပေးရသည့်အတွက် သင့်အမြတ်ငွေ လျော့နည်းမည်။ |

## ဥပမာဇာတ်လမ်း




### ဇင်မာ့အတွက် မည်သည့်သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းက အကောင်းဆုံးလဲ။

လုပ်ငန်းစတင်တည်ထောင်ရန် ကုန်ကျစရိတ်များနှင့် ပုံမှန်ကုန်ကျနေမည့်စရိတ်များကို နှိုင်းယှဉ်ကြည့်နိုင်ရန် ဇင်မာက သူမ ညီမ နန္ဒာ၏ အကူအညီဖြင့် သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းနှစ်ခုကို ဆက်သွယ်ခဲ့သည်။
အွန်လိုင်းပလက်ဖောင်းပေါ်တွင် စတင်ရောင်းချသည်နှင့်တစ်ပြိုင်နက် ရောင်းရငွေ၏ ၃၀% ကို ပလက်ဖောင်းဝန်ဆောင်ခအဖြစ် ပေးဆောင်ရန်ဖြစ်သော်လည်း ပလက်ဖောင်းတွင်ရောင်းချနေသည့်အလားတူဆိုင်များ၏အနေအထားအရ အော်ဒါများ ၁၅% မှ ၂၀% ထိ ပိုမိုလက်ခံရရှိရန် ဇင်မာက မျှော်လင့်ထားသည်။
သူမ၏ဆိုင်ခန်းငှားရမ်းခသည် ပုံသေဖြစ်သည့်အတွက် အွန်လိုင်းပလက်ဖောင်းနှင့် ချိတ်ဆက်ရောင်းချပါက အမြတ်အစွန်းတိုးပွားနိုင်မည်ဟု သူမက ခန့်မှန်းတွက်ချက်ထားသည်။

သူမသည် အွန်လိုင်းအစားအသောက်သယ်ပို့ဝန်ဆောင်မှုတစ်ခုတွင် မှတ်ပုံတင်ရာ၌ လိုအပ်သည့် အချက်အလက်များအားလုံးကို ကောင်းမွန်စွာ ပြင်ဆင်ပြီး ပလက်ဖောင်းတွင်ဈေးရောင်းချသူတစ်ဦးဖြစ်လာစေရန် ကုမ္ပဏီနှစ်ခုတွင် စာရင်းသွင်း လျှောက်ထားသည်။

ပလက်ဖောင်းအားလုံးတွင် ပါဝင်ဆောင်ရွက်ရန် အချိန်ယူကောင်းယူရမည်ဖြစ်သော်လည်း အများက လုပ်လေ့လုပ်ထရှိသည့်ရွေးချယ်မှုမှာ သင့်နယ်မြေအတွင်း ရရှိအသုံးပြုနိုင်သည့် ပလက်ဖောင်းများအားလုံးနှင့် ချိတ်ဆက်ရန် ဖြစ်သည်။ မတူညီသည့်ပလက်ဖောင်းများ၏ လုပ်ငန်းစဉ်များနှင့် အခြေအနေများအတွက် သင့်လုပ်ငန်းကို စီမံခန့်ခွဲရန်နည်းလမ်းများ (ဥပမာ စားသုံးသူများပြားလေ့ရှိသည့် သောကြာနေ့ညနေမျိုးတွင် ချိတ်ဆက်ထားသည့် ပလက်ဖောင်းနှစ်ခု (သို့) သုံးခုမှ တစ်ပြိုင်နက် မှာယူသည့် အော်ဒါများကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်) ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

## သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းတစ်ခုတွင် မှတ်ပုံတင်ခြင်း

အစားအသောက်ရောင်းချသည့်လုပ်ငန်းတစ်ခုကို သယ်ပို့ပလက်ဖောင်းပေါ်တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် အချိန်ယူရနိုင်ပါသည်၊ သို့ရာတွင် များသောအားဖြင့် ပလက်ဖောင်းများ၏ လုပ်ငန်းစဉ်များသည်လည်း ဆင်တူပါသည်။ ထိုလုပ်ငန်းစဉ်တွင် သင်၏ဆိုင်ကို ဆွဲဆောင်မှုရှိပြီး သေချာလည်ပတ်နိုင်သည့်အွန်လိုင်းဆိုင်တစ်ခုအဖြစ် တည်ထောင်နိုင်ရေး လိုလောက်သည့်အချက်အလက်များကို အွန်လိုင်းပလက်ဖောင်းသို့ ထောက်ပံ့ပေးရသည့်လုပ်ငန်းစဉ် ပါဝင်ပါသည်။ မှတ်ပုံတင်သည့်လုပ်ငန်းစဉ်ကို တတ်နိုင်သမျှ လွယ်ကူစေရန် ပလက်ဖောင်းများက များသောအားဖြင့် ကူညီပေးလေ့ရှိသည်။

မှတ်ပုံတင်ခြင်း အခြေခံလုပ်ငန်းစဉ်တွင် အောက်ပါတို့ ပါဝင်လေ့ရှိသည်-

၁




### မှတ်ပုံတင်ခြင်း

ပလက်ဖောင်းတစ်ခုချင်းသည် ၎င်းတို့၏ ဝက်ဘ်ဆိုဒ်ပေါ်တွင် ဝင်ရောက်ရောင်းချသူ (သို့) တွဲဖက်လုပ်ကိုင်မည့်ပါတနာကို ဆက်သွယ်နိုင်မည့် Link ကို ထားရှိလိမ့်မည်ဖြစ်ပြီး၊ အောက်ဖော်ပြပါအချက်များကဲ့သို့သော ကနဦးမှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များကို ပေးအပ်ရန် လိုအပ်လိမ့်မည်-

- သင်၏ဆိုင်/ စားသောက်ဆိုင်အမည်
- သင်၏ဆိုင်/ စားသောက်ဆိုင်လိပ်စာ (GPS တည်နေရာ)
- ဆက်သွယ်ရန် အမည်၊ ဖုန်းနံပါတ်၊ အီးမေးလ်
- သင်၏ဆိုင်အမျိုးအစား/အစားအစာအမျိုးအစား (ဥပမာ - အသီးအရွက်ဆိုင်၊ အသားဆိုင်၊ ဗမာစားသောက်ဆိုင်)

## ဥပမာဇာတ်လမ်း




### ဇင်မာက သူမ၏ အွန်လိုင်းစီးပွားရေးကို ကြီးထွားလာအောင် ဆောင်ရွက်ခြင်း။

ဇင်မာသည် တစ်ပတ်မပြည့်မီ သယ်ပို့ဝန်ဆောင်မှုပလက်ဖောင်းနှစ်ခုတွင် အောင်မြင်စွာ မှတ်ပုံတင်နိုင်ခဲ့သည်။ ယခုအချိန်တွင် သူမ စတင် မှတ်ပုံတင်ပြီးသည်မှာ တစ်လရှိပြီဖြစ်ပြီး အစားအစာ ပါဆယ်များ အိမ်တိုင်ရာရောက်ပို့ဆောင်မှုကို အဆင်ပြေပြေ ဆောင်ရွက်လျက်ရှိသည်။ မှာယူသည့် အစားအစာ၊ အရေအတွက်နှင့် သယ်ပို့ဝန်ဆောင်မှုပေးမည့်ပါတနာက လာယူမည့်အချိန် အသေးစိတ်အချက်အလက်များ ဖော်ပြသည့် အော်ဒါအမှာစာ အသိပေးချက်များကို သူမ၏ စမတ်ဖုန်းနှင့် မိုဘိုင်း POS စက်များမှတစ်ဆင့် ဇင်မာက လက်ခံရရှိသည်။ ယခုအခါ သူမနေ့စဉ်ရောင်းရငွေ၏ ၄၀ ရာခိုင်နှုန်းအထက်မှာ အစားအသောက် အိမ်တိုင်ရာရောက်ပို့ဆောင်သည့်လုပ်ငန်းမှ ဖြစ်သည်။

စားသုံးသူများနှင့် ထိတွေ့ဆက်ဆံနိုင်သည့်အခွင့်အလမ်းကို မျှော်မြင်၍ သူမ၏ မုန့်ဟင်းခါးဟင်းရည် မည်မျှလတ်ဆတ်ကြောင်းကို ပြသရန် ဝယ်ခြမ်းလာသည့် ငါးနှင့် ဟင်းသီးဟင်းရွက်များ၏ နေ့စဉ်နောက်ဆုံးရအချက်အလက်များကို အွန်လိုင်းတွင် Post များ တင်လျက်ရှိသည်။ အော်ဒါများ တိုးလာစေရန် အစားအစာ သယ်ပို့ ဝန်ဆောင်မှု အခြား အပလီကေးရှင်းများနှင့် ချိတ်ဆက်နိုင်ရန်လည်း သူမက စီစဉ်နေသည်။

